# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ (၂၈-၇-၂၀၂၆)
# မေးမြန်းခဲ့သော မေးခွန်းများနှင့် ဖြေကြားချက် အကျဉ်းချုပ်

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၁ | **ဦးကောင်းသက်စံ၊ သီပေါမဲဆန္ဒနယ်**က သီပေါတံတားအား မည်သို့မည်ပုံစည်းစနစ်ဖြင့် ဒေသခံပြည်သူများ၊ ဒေသတွင်းကား၊ ဒေသအတွင်းကုန်စည်စီးဆင်း ဖြတ်သန်းသွားလာခွင့်ပြုပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က လုံခြုံရေးအခြေအနေများအရ သီပေါတံတားအား ယာယီပိတ်ထားရခြင်းဖြစ်ပါကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် လုံခြုံရေးကောင်းမွန်စိတ်ချရသည့် နမ့်လန်-ကျောက်ဂူ-ရပ်စောက်လမ်းမှ ဖြတ်သန်းသွားလာနိုင်ပါကြောင်း ဖြေကြားပါသည်။ |
| ၂ | **ဦးစောမောင်၊ ဆားလင်းကြီး မဲဆန္ဒနယ်**က ပယ်ဖျက်ခဲ့သော ဥပဒေ(၅)ချက်ကို မူလဥပဒေများအတိုင်း ပြန်လည်အတည်ပြုပေးရန်နှင့် မူးယစ်ဆေးများပပျောက်သွားရန် မူလအတိုင်း ပြင်းထန်စွာအရေးယူခြင်းဥပဒေအား ပြန်လည်ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က လက်ရှိတည်ဆဲဥပဒေများသည် ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုရှိပြီး ပြစ်မှုကျူးလွန်သူများကို ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်နိုင်ခြင်းကြောင့် ပြည့်စုံလုံလောက်မှုရှိပါသဖြင့် ဥပဒေကို ပြန်လည်ပြဋ္ဌာန်းရန် မရှိသေးပါကြောင်း ဖြေကြားပါသည်။ |
| ၃ | **ဦးငြိမ်းထွေး၊ အင်းစိန် မဲဆန္ဒနယ်**က အင်းစိန်မြို့နယ်တွင် မြေငှားဂရန်ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်မည့် အစီအစဉ်ရှိ၊မရှိသိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က အင်းစိန်မြို့နယ်အတွင်း နေထိုင်ကြသည့် ပြည်သူများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေများနှင့်အညီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေငှားဂရန် ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၄ | **ဒေါ်ခင်နီနီအောင်၊ ကော့ကရိတ် မဲဆန္ဒနယ်**က ကော့ကရိတ်မြို့နယ်၊ နဘူးနှစ်ခြားကျေးရွာတွင် မီးသတ်စခန်း တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပြည်ထဲရေးဝန်ကြီးဌာန**က ဖွဲ့စည်းပုံ ခွင့်ပြုပေးပြီးဖြစ်၍ မီးသတ်စခန်း အဆောက်အဦ ဆောက်လုပ်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။ |

| စဉ် | မေးခွန်း | အဖြေ |
|---|---|---|
| ၅ | **ဦးစောမောင်၊ ဆားလင်းကြီး မဲဆန္ဒနယ်**က ပညာအရည်အချင်း ပိုမိုမြင့်မားလိုလျှင် မိခင်ဘာသာစကားဖြင့် ပြောင်းလဲသင်ယူနိုင်ခြင်း အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က လက်ရှိပညာရေးစနစ်သည် သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားသင်ယူမှုနည်းလမ်းများ၊ စစ်ဆေး အကဲဖြတ်မှု နည်းလမ်းများကို ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ထားခြင်းဖြစ်၍ မိခင်ဘာသာစကားတစ်မျိုးတည်းဖြင့် သင်ကြားရန် မသင့်သေးပါကြောင်း ဖြေကြားပါသည်။ |
| ၆ | **ဒေါ်စမ်းစမ်းဌေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်**က ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်သင်ကြားနိုင်ရေးအတွက် ဥပဒေနှင့်အညီ အဆင့်တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ပညာရေးဝန်ကြီးဌာန**က အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးခြင်းကို ကန့်သတ်ထားပြီး အဆင့်မြှင့်တင်ပေးရန် လိုအပ်နေသည့် ကျောင်းများအတွက် သာသနာရေးဝန်ကြီးဌာနမှ စိစစ်ပြီး အချက်အလက်အပြည့်အစုံဖြင့် တင်ပြလာပါက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားပါသည်။ |
| ၇ | **ဦးစိုးဝင်း၊ မိုးညှင်း မဲဆန္ဒနယ်**က မိုးညှင်း ခုတင်(၁၀၀)ဆံ့ ဆေးရုံအား ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က အတွင်းလူနာဦးရေသည် ခွင့်ပြုခုတင်အရေအတွက်ထက် စဉ်ဆက်မပြတ်ကျော်လွန်နေမှုမရှိပါ၍ အဆင့်တိုးမြှင့်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် အထူးကုဆရာဝန်များကို ခန့်ထားနိုင်ရေး စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။ |
| ၈ | **ဦးတင်ရွှေ၊ ရွှေတောင် မဲဆန္ဒနယ်**က ရွှေတောင်မြို့တွင် တိုင်းရင်းသမားတော် ဆေးကုသဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။ | **ကျန်းမာရေးဝန်ကြီးဌာန**က ရွှေတောင်မြို့မှ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံရှိသည့် ပြည်မြို့သို့ မိနစ် ၂၀ အတွင်း ရာသီမရွေးသွားရောက်နိုင်ပါသဖြင့် လတ်တလောတွင် တိုင်းရင်းဆေးရုံဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားပါသည်။ |